# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# ၂၂ ရက်မြောက်နေ့ အစီအစဉ်

# [ ၂၁ - ၉ - ၂၀၁၁ ]

# ( ဗုဒ္ဓဟူးနေ့ )

၁။ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၂၂ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးအောင်ချစ်လွင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၏ **ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပုံမှန်အတိုင်း ဆက်လက် ဖွင့်လှစ်သွားရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးမောင်အေးထွန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) ၏ **ဘူးသီးတောင်-ညောင်ချောင်းလမ်းပေါ်ရှိ ပေ(၁၀၀)ကျော်တံတား(၄)စင်းကို တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) ၏ **မြောက်ဦး-ဆင်အိုးလမ်းပိုင်းနှင့် မြောက်ဦး-ပိုးဖြူကျွန်းလမ်းပိုင်းတို့ကို ကျောက်ခင်းလမ်း၊ မြေသားလမ်းများမှ ကတ္တရာလမ်းများအဖြစ် တိုးမြှင့်ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၏ **ရေနံချောင်း- ငွေးကုန်း - ဝက်ချုပ် - နတ်မောက်လမ်းအား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူသောလမ်းအဖြစ် လွှဲပြောင်းရယူပြုပြင်ထိန်းသိမ်းပေးနိုင်ခြင်း ရှိ/မရှိ** နှင့် စပ်လျဉ်း သည့် မေးခွန်း၊

( င ) ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) ၏ **ဂျိုးဖြူကန် ရေပိုက်လိုင်းကြီးမှ တိုက်ကြီးမြို့ကို ရေသွယ်တန်း ဆောင်ရွက်ပေးမှု အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( စ ) ဦးဆိုင်ပေါင်းနပ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၏ **"ဝ" ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း၏ ဒေသဖွံ့ဖြိုးရေးအတွက် (၈)မိုင်ရှည်သော ဟိုပန်-နမ့်တစ် လမ်းအား ကတ္တရာလမ်းအဖြစ် ခင်းပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးညီညီထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၏ **ကျိုက္ကသာကျေးရွာ- ခလွန်ကျေးရွာချင်းဆက်လမ်းပေါ်ရှိ တံတားတစ်စင်းနှင့် ခရွဲ၊ မုက္ခမော့ကျေးရွာ နှင့် သိမ်ဇရပ်ကျေးရွာသွားလမ်းရှိ တံတားတစ်စင်းတို့အား တည်ဆောက် ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဇ ) ဦးဝင်းနောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၏ **ထိုင်းနိုင်ငံဘက်မှ ထိုင်းပင်လယ်ကွေ့နှင့် မြန်မာနိုင်ငံ ကပ္ပလီပင်လယ်သို့ ဆက်သွယ် တူးမြောင်း ဖောက်လုပ်၍ ရနိုင်/မရနိုင်၊ အကျိုးစီးပွားများ ဖြစ်ထွန်းနိုင်မှု ရှိ/မရှိ၊ အာဆီယံနှင့် ဆွေးနွေးဖက် နိုင်ငံများတို့နှင့် ဆွေးနွေးရန် သင့်/မသင့်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဈ ) ဦးဇော်မြင့်ဖေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၏ **နိုင်ငံတော်၏ သဘာဝရေသယံဇာတ အရင်းအမြစ်အခြေခံများဖြစ်သော မြစ်များ၊ ချောင်းများ မပျက်စီး ရအောင် ထိန်းသိမ်းကာကွယ်ရေး** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ည) ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၏ **မာန်အောင်မြို့နယ်ရှိ လက်ရှိ လေယာဉ်ကွင်းအား ပြန်လည်ပြုပြင်မွမ်းမံတိုးချဲ့ပြီး လေယာဉ် ခရီးစဉ်များ ပြေးဆွဲပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဋ ) ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၏ **အခြေခံပညာဦးစီးဌာန အထက်တန်းအဆင့်နှင့် အဆင့်မြင့်ပညာဦးစီးဌာန တက္ကသိုလ် ဒီဂရီကောလိပ်နှင့် ကောလိပ်ကျောင်းများတွင် ပညာသင်ကြားရာ၌ အင်္ဂလိပ် မြန်မာ နှစ်ဘာသာဖြင့် သင်ကြားမှု စစ်ဆေးမှုများ ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

( ဌ ) ဦးစိုင်းသန့်ဇင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၏ **ဆရာ၊ ဆရာမများ ကိုယ်တိုင်သင် ကိုယ်တိုင်စစ်မေးသော စနစ်တွင် အားနည်းချက်များ ရှိနေပါသဖြင့် မည်သို့သော အစီအစဉ်များဖြင့် ဖြေရှင်းသွားနိုင်မည်ကို သိရှိလိုပါကြောင်း** နှင့် စပ်လျဉ်း သည့် မေးခွန်း၊

( ဍ ) ဦးစိုင်းသန့်ဇင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၏ **ဆရာ၊ ဆရာမများ ကျူရှင်သင်နေသည့် ကိစ္စနှင့်ပတ်သက်၍ မကန့်သတ်၊ မတားဆီးနိုင်ပါက မည်သို့သော မူဝါဒများ၊ ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်ဖြေရှင်းသွားမည်ကို သိရှိလိုပါကြောင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဎ ) ဦးစိုင်းတင်အောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ **ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့တွင် အခြေခံပညာအလယ်တန်းကျောင်းတစ်ကျောင်း အဆင့် တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဏ) ဦးညိုထွန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၏ **အခြေခံပညာရေးကဏ္ဍတွင် အလယ်တန်းကျောင်းအုပ်ဆရာ/ဆရာမကြီးများအား အခြေခံပညာရုံးချုပ်များရှိ ဦးစီးမှူးရာထူးနှင့် အဆင့်တူရာထူးအဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(တ) ဒေါက်တာတင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **အခြေခံပညာမူလတန်းကျောင်း၊ အလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းတို့တွင် ကာယပညာ၊ ပန်းချီပညာနှင့် အနုပညာတို့နှင့် သက်ဆိုင်သော ဘာသာရပ် အလိုက် သင်ကြားပေးနိုင်မည့် ဆရာများ ခန့်ထားနိုင်မှု အခြေအနေကို သိရှိလိုပါကြောင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ထ) ဦးထွန်းမြင့်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **ကျေးရွာအသစ်များအဖြစ် သတ်မှတ်ပေးခဲ့သော ထီးချိုင့်မြို့နယ် သစ်တော ဧရိယာအတွင်းရှိ (၁)ဟသ်ာကျေးရွာ (၂)နန်းပေါင်းကျေးရွာ(၃) ရေဖြူလွင်ကျေးရွာ (၄) ကျစ်ကြီးကျေးရွာများရှိ တွဲဖက်အခြေခံပညာမူလတန်းကျောင်းများကို အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဒ ) ဦးထွန်းမြင့်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **ကျေးရွာမသတ်မှတ်သေးသည့် သစ်တောဧရိယာအတွင်းရှိ ဒေသများဖြစ်သော (၁) အေးချမ်းလွင်စုရပ် (၂)သစ်ဆုံအင်းစုရပ်များရှိ တွဲဖက်အခြေခံပညာ မူလတန်းကျောင်းများကို အဆင့် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဓ ) ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ **ပညာရေး ရင်းနှီးမြှုပ်နှံမှုကို လက်ရှိ ဘဏ္ဍာရေးနှစ်တွင် GDP ၏ မည်သည့် ရာခိုင်နှုန်းသုံးစွဲလျှက်ရှိကြောင်းနှင့် နိုင်ငံတကာအနိမ့်ဆုံး စံနှုန်းများထက် မလျော့နည်းသော ရန်ပုံငွေ ခွဲဝေခွင့်ပြုချက်ဖြင့် တိုးမြှင့် သုံးစွဲသွားရန် အစီအစဉ် ရှိ/မရှိ ၊ သုံးစွဲရန်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် စတင်သုံးစွဲမည်ကို သိရှိလိုကြောင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၂၂ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် ၂၃ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။